**အပင်နှင့်အပင်ထွက်ပစ္စည်းများအတွက် တင်သွင်းခွင့်ထောက်ခံချက် (Import Certificate – IC) ထုတ်ပေးခြင်း**

| | |
|---|---|
| တင်ပြရန်လိုအပ်မည့် အထောက်အထားများ | ၁။စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၏ သတ်မှတ်သည့် လျှောက်လွှာပုံစံတွင် ဖြည့်စွက်ဖော်ပြ၍ ငွေသွင်းချလံ (မူရင်း) နှင့်အတူလျှောက်ထားရမည်။<br>၂။တင်သွင်းသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါကကုမ္ပဏီLetter Head ဖြင့် ကိုယ်စားလှယ်လွှဲစာပါရှိရမည်။<br>၃။ စိုက်ပျိုးရန်အတွက်ဖြစ်ပါက<br>(က) ကြံ (သကြားထွက်သီးနှံဌာနခွဲမှ ထောက်ခံချက်)<br>(ခ) နှစ်ရှည်ပင် (နှစ်ရှည်သီးနှံဌာနခွဲမှ ထောက်ခံချက်)<br>(ဂ) မျိုးစေ့နှင့်အပင် (မျိုးစေ့ဌာနခွဲမှ ထောက်ခံချက်)<br>(ဃ) သစ်တောထွက်အပင် (သစ်တောဦးစီးဌာနမှ ထောက်ခံချက်) ပါရှိရမည် ဖြစ်ပါသည်။ |
| လုပ်ငန်းစဉ်အဆင့် | - လျှောက်လွှာပြည့်စုံမှုရှိမရှိစစ်ဆေးပြီးမှတ်ပုံတင်စာရင်းရေးသွင်း ခြင်း၊ IC သက်တမ်း (၃) လတွက်ချက်ခြင်း၊ IC နံပါတ်ရယူခြင်းနှင့် ကွန်ပြူတာတွင်ဒေတာအချက်အလက်များထည့်သွင်းခြင်း၊ပရင့်ထုတ်ခြင်း၊ တံဆိပ်တုံးနှင့်ဖောင်းကြွစာလုံးများရိုက်နှိပ်ခြင်း၊ တာဝန်ခံအရာရှိမှ လက်မှတ်ရေးထိုးခြင်း။ |
| ဝန်ဆောင်ခ | တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်တစ်စောင်အတွက် အခကြေးငွေ ၃၀၀၀၀ ကျပ် |
| ကြာမြင့်ချိန် | - လျှောက်လွှာစာရင်းသွင်းလက်ခံပြီးချိန်မှ (၃) ရက် |
| မှတ်ချက် | (ရုံးပိတ်ရက်မပါ။) |
| လျှောက်ထားရမည့် နေရာ | သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊<br>သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု/နယ်စပ် စစ်ဆေးရေးစခန်းများ ၊စိုက်ပျိုးရေးဦးစီးဌာန |
| အတည်ပြုလက်မှတ် ရေးထိုးသည့်ရာထူး/ အဆင့် | သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊<br>သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု(တာဝန်ခံ) /နယ်စပ် စစ်ဆေးရေးစခန်း(တာဝန်ခံ)များ ၊စိုက်ပျိုးရေးဦးစီးဌာန |

## အပင်နှင့်အပင်ထွက်ပစ္စည်းများပြည်ပသို့တင်ပို့ရာတွင် ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် (Phytosanitary Certificate – PC) ထုတ်ပေးခြင်း

| | |
|---|---|
| တင်ပြရန်လိုအပ်မည့်အထောက်အထားများ | ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ်လျှောက်လွှာပုံစံတွင် ဖြည့်စွက်ဖော်ပြ၍ ငွေသွင်းချလံနှင့်အတူလျှောက်ထားရမည်။ |
| လုပ်ငန်းစဉ်အဆင့် | ၁။ ပြည်ပသို့ မတင်ပို့မီ (သင်္ဘော/လေယာဉ်/ကားမတင်မီ) ကြိုတင်လျှောက်ထားခြင်း၊<br>၂။ တင်ပို့မည့်အပင်နှင့်အပင်ထွက်ပစ္စည်း၏ ကိုယ်စားပြုနမူနာနှင့်အတူမိမိတင်ပို့မည့်နိုင်ငံ၏တင်သွင်းရန်သတ်မှတ်ချက်/လိုအပ်ချက်အားသိရှိပြီးယင်းလိုအပ်ချက် နှင့်အညီလျှောက်ထားခြင်း၊<br>၃။ စိုက်ပျိုးရေးဦးစီးဌာနမှ ခွင့်ပြုချက်ရရှိထားသောအဆိပ်ငွေ့မှိုင်းတိုက်ခြင်းလုပ်ငန်းအဖွဲ့မှပိုးသတ်ပြီးကြောင်းထောက်ခံချက်လက်မှတ်(မူရင်း) ပူးတွဲတင်ပြခြင်း၊<br>၄။သစ်တောထွက်ပစ္စည်းဖြစ်ပါကသစ်တောဦးစီးဌာန၏တရားဝင်ထောက်ခံချက်နှင့် သစ်အတိုင်းစာရင်းပါရှိခြင်း၊<br>၅။တင်သွင်းမည့်နိုင်ငံ၏လိုအပ်ချက်အရ ဓာတ်ခွဲခန်းတွင် စစ်ဆေးရမည့်<br>-ပိုးမွှားများအတွက် စစ်ဆေးရန်ကြာမြင့်ချိန် (၂) ရက် + ပုံမှန် ကြာမြင့်ချိန် (၃) ရက်= (၅) ရက် ဖြစ်ပြီး၊<br>- ရောဂါများအတွက်စစ်ဆေးရန်ကြာမြင့်ချိန် (၇) ရက် + ပုံမှန်ကြာမြင့်ချိန် (၃) ရက်= (၁၀) ရက် ကြာမြင့်မည်ဖြစ်ပါသည်။ |
| ဝန်ဆောင်ခ | ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ်တစ်စောင်အတွက် အခကြေးငွေ ၃၀၀၀၀ ကျပ် |
| ကြာမြင့်ချိန် | - လျှောက်လွှာစာရင်းသွင်းလက်ခံပြီးချိန်မှ (၃) ရက် |
| မှတ်ချက် | (ရုံးပိတ်ရက်မပါ။) |
| လျှောက်ထားရမည့်နေရာ | သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊<br>သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု/နယ်စပ်စစ်ဆေးရေးစခန်းများ ၊စိုက်ပျိုးရေးဦးစီးဌာန |
| အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့် | သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊<br>သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု(တာဝန်ခံ) /နယ်စပ်စစ်ဆေးရေးစခန်း(တာဝန်ခံ)များ ၊စိုက်ပျိုးရေးဦးစီးဌာန |

**အပင်နှင့်အပင်ထွက်ပစ္စည်းများပြန်လည်တင်ပို့ခြင်းသို့မဟုတ် transit အတွက်လျှောက်ထားခြင်း**

| | |
|---|---|
| တင်ပြရန်လိုအပ်မည့်အထောက်အထားများ | (က) ပြန်လည်တင်ပို့ခြင်း<br>၁။ လျှောက်လွှာပုံစံတွင် ဖြည့်စွက်ဖော်ပြ၍ ငွေသွင်းချလံနှင့်အတူ လျှောက်ထားရမည်။<br>၂။မူလတင်ပို့သည့်နိုင်ငံမှပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် (မူရင်း) ပါရှိရမည်။<br>၃။မိမိပြန်လည်တင်ပို့မည့်နိုင်ငံ၏တင်သွင်းရန်သတ်မှတ်ချက်/လိုအပ်ချက်များသိရှိပြီး၊ယင်းလိုအပ်ချက်နှင့်အညီ လျှောက်ထားရမည်။ |
| လုပ်ငန်းစဉ်အဆင့် | (က) ပြန်လည်တင်ပို့ခြင်း<br>၁။တစ်ဖက်နိုင်ငံသို့ တင်ပို့ခြင်းအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ် ရေးဌာနစု/ နယ်စပ် စစ်ဆေးရေးစခန်း၏ စစ်ဆေးမှုခံယူရမည်။<br>၂။ မူလတင်ပို့သည့်နိုင်ငံမှပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် (မူရင်း) နှင့်တိုက်ဆိုင်စစ်ဆေးပြီးနောက်ပိုးမွှားရောဂါကင်းရှင်းမှုမရှိခြင်း(သို့မဟုတ်)ပစ္စည်းများပြန်လည်ထုပ်ပိုးထားခြင်း/ပေါက်ပြဲခြင်းတွေ့ရှိပါကပိုးသတ်ခြင်းကိုဆောင်ရွက်ရမည်။<br>(ခ) transit<br>၁။ကြားစခန်းတွင်ခေတ္တရပ်နားပြီးတစ်ဘက်နိုင်ငံသို့တင်ပို့ခြင်းအတွက်စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု/ နယ်စပ်စစ်ဆေးရေးစခန်း၏ စစ်ဆေးမှုခံယူရမည်။<br>၂။တစ်ဘက်နိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် (မူရင်း) ပါရှိရမည်။<br>၃။ယင်းလက်မှတ်နှင့် တိုက်ဆိုင်စစ်ဆေးပြီးနောက် ပိုးမွှားရောဂါကင်းရှင်းမှုမရှိခြင်း (သို့မဟုတ်) ပစ္စည်းများပြန်လည်ထုပ်ပိုးခြင်း/ပေါက်ပြဲခြင်းတွေ့ရှိပါကပိုးသတ်ပြီးပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် လျှောက်ထားရမည်။ |
| ဝန်ဆောင်ခ | ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ်တစ်စောင်အတွက် အခကြေးငွေ ၃၀၀၀၀ ကျပ် |
| ကြာမြင့်ချိန် | - လျှောက်လွှာစာရင်းသွင်းလက်ခံပြီးချိန်မှ (၃) ရက် |
| လျှောက်ထားရမည့်နေ့ရက် | (ရုံးပိတ်ရက်မပါ။) |
| လျှောက်ထားရမည့်နေရာ | သီးနှံကာကွယ်ရေးဌာနခွဲ<br>(ရုံးချုပ်)၊သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု/နယ်စပ်စစ်ဆေးရေးစခန်းများ ၊စိုက်ပျိုးရေးဦးစီးဌာန |

| | |
|---|---|
| အတည်ပြု လက်မှတ် ရေးထိုးသည့် ရာထူး/ အဆင့် | သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊<br>သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု(တာဝန်ခံ) / နယ်စပ်<br>စစ်ဆေးရေးစခန်း(တာဝန်ခံ)များ ၊စိုက်ပျိုးရေးဦးစီးဌာန |

**အပင်နှင့်အပင်ထွက်ပစ္စည်းများတင်သွင်းရာတွင် ကုန်ပစ္စည်းများရောက်ချိန်၌ အကောက်ခွန်ဦးစီးဌာန၏ Myanmar Automated Cargo Clearance System (MACCS) စနစ်ကိုကျင့်သုံး၍ လိုက်နာဆောင်ရွက်ခြင်း**

| | |
|---|---|
| တင်ပြရန်လိုအပ်မည့် အထောက်အထားများ | ၁။ မူလတင်ပို့သည့်နိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် (မူရင်း) ပါရှိရမည်။<br>၂။ တင်သွင်းခွင့်ထောက်ခံချက် (Import Certificate-IC) မူရင်းပါရှိရမည်။<br>၃။ OGA test application<br>၄။ Bill of Lading (BL)<br>၅။ အထက်ဖော်ပြပါ စာရွက်စာတမ်းများကို MACCS စနစ်တွင် Soft Copy ကို Attach ပြုလုပ်၍ Hard Copy ကိုသီးနှံကာကွယ်ရေးဌာနခွဲသို့ တင်ပြရမည်။ |
| လုပ်ငန်းစဉ်အဆင့် | ကုန်ပစ္စည်းရောက်ရှိချိန်တွင် (MACCS စနစ်အရ) စစ်ဆေးမှုကိုဆောင်ရွက်ခြင်း<br>(က) ကုန်ပစ္စည်းရောက်ရှိချိန်တွင်စစ်ဆေးမှုခံယူရန် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲသို့လာရောက် အကြောင်းကြားရမည်။<br>(ခ) စစ်ဆေးရေးမှူးမှ တင်သွင်းခွင့် ထောက်ခံချက် လက်မှတ်နှင့် ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ်အားတိုက်ဆိုင်စစ်ဆေးခြင်း၊ ကိုယ်စားပြုနမူနာ(၀.၀၀၅-၀.၀၁%)အား မျက်မြင်စစ်ဆေးခြင်း၊လိုအပ်ပါကကိုယ်စားပြုနမူနာအားဓါတ်ခွဲခန်းသို့ပေးပို့စစ်ဆေးခြင်းကိုဆောင်ရွက်မည်။ |
| ဝန်ဆောင်ခ | မရှိပါ။ |
| ကြာမြင့်ချိန် | ပိုးမွှားရောဂါကင်းရှင်းပါက MACCS စနစ်တွင်နေ့ချင်းပြီးAgree လုပ်ပေးမည် ဖြစ်ပါသည်။ |
| လျှောက်ထားရမည့် နေ့ရက် | (ရုံးပိတ်ရက်မပါ။) |

| | |
|---|---|
| လျှောက်ထားရမည့် နေရာ | သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊<br>မြဝတီနယ်စပ် ပိုးမွှားရောဂါထိန်းချုပ်ရေးစခန်းစိုက်ပျိုးရေးဦးစီးဌာန။ |
| အတည်ပြုလက်မှတ် ရေးထိုးသည့်ရာထူး/ အဆင့် | သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊<br>သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု(တာဝန်ခံ) မြဝတီနယ်စပ် ပိုးမွှားရောဂါထိန်းချုပ်ရေးစခန်း (တာဝန်ခံ) စိုက်ပျိုးရေးဦးစီးဌာန။ |